# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)
# (လျှောက်လွှာခေါ်ယူခြင်း)
# ကြော်ငြာစာအမှတ် ၃၂/၂၀၂၂
# ၁၃၈၄ ခု၊ တော်သလင်းလဆန်း ၁၃ ရက်
# ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ အောက်ဖော်ပြပါ ဌာနအသီးသီးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၆)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ဦးရေ | သတ်မှတ်ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၆ | တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်ရရှိသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသူဖြစ်ရမည်။

(ဂ) ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) (၃၀-၉-၂၀၂၂)ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်များအတွက် အသက်(၂၇)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်။

(င) နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အနည်းဆုံး(၃)နှစ် ဆက်တိုက် တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံစာချုပ် ချုပ်ဆိုရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့်ဘွဲ့လက်မှတ်မိတ္တူ (မူရင်းများတင်ပြနိုင်ရမည်)

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်း

( စ ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း(၃လတွင်း)

(ဆ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း (၃လ အတွင်း)

(ဇ) စာမေးပွဲဝင်ကြေးငွေ (၂၀၀၀/-)ပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးခွဲ၊ အမှတ်(၆၅)အဝေရာလမ်း၊ မေတ္တာညွန့် ရပ်ကွက်၊ တာမွေမြို့နယ်နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ လှည်းကူးမြို့နယ်တို့တွင် ၈-၉-၂၀၂၂ ရက်နေ့မှ စတင်၍ ဝယ်ယူလျှောက်ထားနိုင်ပြီး **၃၀-၉-၂၀၂၂** ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပါမောက္ခချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ လှည်းကူးမြို့နယ်သို့ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည် ဖြစ်ပြီး ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်း မှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက် ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည် ဖြစ်ပြီး ၁၃-၁၀-၂၀၂၂ ရက်(ကြာသပတေးနေ့)တွင် ၀၉း၀၀နာရီမှ ၁၁း၀၀နာရီထိ **မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သုတရေးရာ** တို့ကိုလည်းကောင်း၊ ၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ ကွန်ပျူတာ ကျွမ်းကျင်မှုလက်တွေ့ စစ်ဆေးခြင်းကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဝင်ကြေး ၂၀၀၀/-ကို မြန်မာ့စီးပွားရေးဘဏ်၊ လှည်းကူးမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ငွေစာရင်းအမှတ် MD-010213 သို့ ပေးသွင်းရမည်။

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၁၂-၁၀-၂၀၂၂ ရက်နေ့ ရုံးချိန်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းအမှတ် ၀၁-၈၆၂၆၀၆၇ နှင့် ၀၁-၈၆၂၆၀၆၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာပုံစံကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သော www.ucsb.gov.mm နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ Website ဖြစ်သော www.cicslm.edu.mm တို့တွင်ဖော်ပြထားပါသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)